# တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် မျှော်လင့်စရာ ပထမခြေလှမ်း

*ပြည်သူလူထုတရပ်လုံး၏ ပကတိလိုအပ်ချက်ဆန္ဒများကို ဖြည့်ဆည်းပေးသည့်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် နှစ်ဘက် လက်တွဲဆောင်ရွက်သွားမည်။*

(ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ကြည် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ၁၂-၈-၂၀၁၁ မှ)

တိုင်းပြည် တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင် တားဆီးရုံ၊ ဥပဒေ ပြဋ္ဌာန်းရုံ၊ တရားစီရင်ကာ အပြစ်ပေးရုံဖြင့် မည်သို့မျှ မလုံလောက်ပါ။ စစ်တပ်အင်အား နည်းခြင်းများခြင်းသည် ပြည်ပကျူးကျော်မှုနှင့်သာ အဓိကသက်ဆိုင်သည်။ ရဲနှင့် ထောက်လှမ်းရေးတို့အတွက်ကား ဥပဒေနှင့်လမ်းညွှန်ချက်တို့ကို မည်မျှထိ တိကျစွာ လိုက်နာ ထိန်းသိမ်းပေးနိုင်သည့် အချက်ပေါ်တွင်သာ မူတည်သည်။ တရားမျှတသော ဥပဒေနှင့် တိကျမှန်ကန်သော တရားရေးစနစ်တို့ ရှိနေသည့်တိုင်အောင် ကိုယ်ကျင့်တရားများ ဖောက်ပြန်နေသရွေ့ တိုင်းပြည် တည်ငြိမ်အေးချမ်းမည် မဟုတ်ပါ။ တဖန် ကိုယ်ကျင့်တရားများ ကောင်းမွန်နေပါသော်လည်း မျှတမှုများ ရှိမနေပြန်လျှင်လည်း တိုင်းပြည် တည်ငြိမ်အေးချမ်းမည် မဟုတ်ပါ။

နိုင်ငံတွင်းမှာသာမက နိုင်ငံပြင်ပနှင့် ပတ်သက်၍လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာနိုင်သည်များ ရှိနေတတ်သည်။ မိမိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ စီးပွားရေးမူဝါဒတို့အပေါ် မူတည်သကဲ့သို့ နိုင်ငံတကာ သဘောတူညီချက်များကို မည်မျှထိ လိုက်နာကျင့်သုံးနိုင်သနည်း၊ မိမိနိုင်ငံမှ ခေါင်းဆောင်နှင့်နိုင်ငံရေးစနစ်အပေါ် အခြားနိုင်ငံများနှင့် အဖွဲ့အစည်းများမှ မည်မျှအထိ လက်ခံနိုင်သနည်း၊ မျိုးချစ်စိတ်အပြင် လူမျိုးရေးနှင့် ဘာသာရေး ပြင်းထန်မှုက မည်မျှထိ ဆိုးကျိုးသက်ရောက်သွားစေနိုင်သနည်း စသည်တို့အပေါ်တွင်လည်း မူတည်တတ်သည်။

ဘက်နှစ်ဘက်က တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို အမှန်တကယ် ဆောင်ရွက်နိုင်ရန်မှာ နှစ်ဘက်စလုံးကပင် အာမခံနိုင်ရပါမည်။ ကိုယ်စီပိုင်ဆိုင်ထားကြသော ရင်းမြစ်စွမ်းပကားများဖြင့် အပြန်အလှန်ကူညီ ပူးပေါင်းကာ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို ထူထောင်ရပါမည်။ ဆိုလိုရင်းမှာ မိမိဘက်တွင်ရှိနေသော ရင်းမြစ်စွမ်းပကားတမျိုးမျိုးကို အခြားတဘက်က မပိုင်ဆိုင်ဘဲ ရှိနေပြီး အခြားတဘက်၏ ရင်းမြစ် စွမ်းပကားတမျိုးမျိုးကို မိမိဘက်က မပိုင်ဆိုင်သော အခြေအနေတွင် အပြန်အလှန် အပေးအယူလုပ်၍ တခုတည်းဖြစ်အောင် ပေါင်းစပ်ခြင်း ဖြစ်သည်။ သမိုင်းတွင်မည့်လုပ်ရပ်ဟု ဆိုချင်ပါသည်။

လတ်တလော အခြေအနေအရဆိုရလျှင် ပြည်သူလူထုတရပ်လုံး၏ လုံခြုံရေးသည် အဓိကအကျဆုံး ဖြစ်သည်။ မတရားဖိနှိပ်ချုပ်ချယ်မှု အကြောက်တရားနှင့် စစ်ဘေးဒဏ်များမှ ပူပင်ကြောင့်ကျကင်းရှင်းစွာ နေထိုင်သွားလာနိုင်ရေးအတွက် နှစ်ဘက်စလုံးက မိမိတို့ တတ်နိုင်သည့်အနေအထားမှ အကောင်းဆုံးလုပ်ဆောင်ပေးရပါလိမ့်မည်။ လုံခြုံမှု မရှိလျှင် စားဝတ်နေရေးကို ရပ်တည်ကြိုးပမ်းမှုကို မည်သူမျှ မလုပ်နိုင်ပါ။ လုံခြုံရေးသည် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ဖြစ်သော ဆန္ဒတခုဖြစ်ပြီး အရေးကြီးတကာ့ အရေးကြီးဆုံးတခုဟု ထင်ပါသည်။ လူထုဆန္ဒကို လေးစားခြင်းနှင့် အကောင်အထည်ဖော်ပေးခြင်းသည် နိုင်ငံ့ခေါင်းဆောင်တို့၏ ဂုဏ်သိက္ခာရှိသော တာဝန်ဝတ္တရားဖြစ်ပြီး လက်ဆင့်ကမ်း အမွေအနှစ်ကောင်းလည်းဖြစ်ရာ လူထုလုံခြုံရေးသည် အဦးဆုံး ထွက်ပေါ်လာမည့် ရလဒ်ကောင်းဟု မျှော်လင့်မိသည်။

ပြည်သူလူထု လုံခြုံရေးအတွက် မလုပ်မဖြစ်သောကိစ္စများတွင်

1. မျှတမှန်ကန်သော တရားဥပဒေ စိုးမိုးမှု၊
2. လူ့အခွင့်အရေးများကို လေးစားကာကွယ်ပေးနိုင်ခြင်း၊
3. တမျိုးသားလုံး ရင်ကြားစေ့ကာ ပြန်လည်သင့်မြတ်ရေး၊
4. ပြည်တွင်းငြိမ်းချမ်းရေး၊
5. နိုင်ငံရေး လွတ်လပ်ခွင့် တို့ပါဝင်ပါသည်။

တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးများကို လေးစားကာကွယ်ပေးနိုင်မှုတို့အတွက် မရှိမဖြစ် အလိုအပ်ဆုံးမှာ ဒီမိုကရေစီကို အခြေပြုထားသော နိုင်ငံရေးစနစ် ဖြစ်သည်။ ဤသို့သော နိုင်ငံရေးစနစ်မျိုးဖြင့်ပင် တမျိုးသားလုံး ရင်ကြားစေ့ ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် လုပ်ဆောင်နိုင်သကဲ့သို့ နိုင်ငံရေး လွတ်လပ်ခွင့်ကိုလည်း ယုံကြည်မှုအပြည့်အဝဖြင့် ပေးအပ်နိုင်ပေလိမ့်မည်။

၂၀၁၁ ဩဂုတ်လ ၁၂ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရကိုယ်စားလှယ် ဝန်ကြီး ဦးအောင်ကြည်တို့ တွေ့ဆုံဆွေးနွေးကာ သဘောတူညီချက်များကို ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်ရာ ယခုအခါတွင် ဒီမိုကရေစီကို အခြေပြုထားသော နိုင်ငံရေးစနစ်၌ မြန်မာ့ရေမြေသဘာဝနှင့်လိုက်ဖက်စွာ မည်သည်တို့ကို အခြေခံ၍ မည်သို့ လုပ်ဆောင်သင့်သည်ကို ဘက်နှစ်ဘက်က အမြော်အမြင်ကြီးကြီး လိုက်လျောညီထွေစွာဖြင့် ပွင့်ပွင့်လင်းလင်း ဆက်လက်ဆွေးနွေးနိုင်ကြဖို့ ဖြစ်လာတော့မည်ဟု ယူဆမိသည်။

ပြည်သူလူထုလုံခြုံရေးအတွက် အထက်ဖော်ပြပါ ၅ ချက်အတွက် သက်ဆိုင်ရာလုပ်ငန်းစဉ်များမှာ အတော်ပင် များပြားပြီး အဆင့်ဆင့်လုပ်ဆောင်ရမည်လည်း ဖြစ်သောကြောင့် နှစ်ဘက်စလုံးက မိမိတို့ရနိုင်သမျှ အရင်းအမြစ် စွမ်းအားတို့ကို ထိရောက်စွာဖြင့် အချိန်ယူ အသုံးချရမည်မှာ သေချာသည်။ အားလုံးကို တပြိုင်တည်းလုပ်၍ မဖြစ်နိုင်သောကြောင့် လတ်တလော လုပ်ဆောင်နိုင်မည့် အစီအစဉ်များနှင့် ရေရှည် လုပ်ဆောင်မည့် စီမံကိန်းများ ဟူ၍ အမျိုးအစားများ ခွဲခြားလုပ်ဆောင်လာမည်ဟု ဆိုနိုင်ပေသည်။

လတ်တလော လုပ်ဆောင်နိုင်မည့် အစီအစဉ်များတွင် ဘက်၂ဘက်၏ ကနဦးသဘောတူချက်များဖြင့် အချိန် မဆိုင်း ယခုချက်ချင်း ဖြစ်နိုင်သမျှ ဆောင်ရွက်ရန် လိုအပ်နေသည်များ ရှိသည်။ နှစ်ဘက်စလုံးက အာမခံကာ လုပ်ဆောင်ပေးမည့် သဘောတူညီချက်အပေါ် မူတည်သည်။ ရေရှည်စီမံကိန်းအတွက်မူ ဖော်ပြပါ ၅ ချက်စလုံး၏ အဓိကဇစ်မြစ်တို့မှာ ရွေးကောက်ပွဲများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်သည်ဟု ယူဆမိသည်။ အဓိကဇစ်မြစ်တို့ကို ရှောင်ရှားကွေ့ပတ်၍ မရနိုင်ပါ။ တရားဥပဒေစိုးမိုးမှု၊ လူ့အခွင့်အရေးများ၊ ပြည်တွင်းငြိမ်းချမ်းရေး စသဖြင့် တခုချင်းကို ဦးတည်လုပ်ဆောင်သည်ထက် မူရင်းဇစ်မြစ်တို့ကို အရင်ဦးဆုံး ရှင်းရှင်းလင်းလင်း လုပ်ထားနိုင်လျှင် ဖော်ပြပါ ၅ ချက်စလုံးအပြင် နောက်ထပ် လိုအပ်ရန်ရှိသည်များကိုပါ တနွယ်ငင်တစင်ပါ တခါတည်း ဖြေရှင်း ပြေလည်သွားနိုင်ပေလိမ့်မည်။

နှစ်ဘက်စလုံးက ပဋိပက္ခအသွင်ဆောင်သော သဘောထားအမြင်များကို ရှောင်ရှားကြပြီး အပြန်အလှန် ကူညီသော ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ဆောင်ခြင်းမပြုမီ ထိုသို့လုပ်ဆောင်ရန် အမှန်တကယ် စိတ်ဆန္ဒ ရှိကြောင်း ပြသသည့် ကနဦးသက်သေပြချက်များ ရှိနေပါက တဘက်နှင့်တဘက် ပိုမိုယုံကြည်စွာဖြင့် မြန်မြန် ဆန်ဆန် ထိထိရောက်ရောက် လုပ်ဆောင်နိုင်ပါလိမ့်မည်။ ထို့ပြင် နိုင်ငံ့အာဏာ မြစ်ဖျားခံရာဖြစ်သော ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုနှင့် အားပေးထောက်ခံမှုကိုလည်း ရရှိလာနိုင်သဖြင့် ပို၍ပင် မြန်ဆန်စွာ အောင်မြင်နိုင်မည် ဖြစ်သည်။

ကနဦးသက်သေပြချက်များတွင် ချွင်းချက်မရှိသော အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်သည် ပြည်သူလူထု တရပ်လုံး၏ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းလိုသော ဆန္ဒများကို အသင့်တော်ဆုံး ဖြည့်ဆည်းပေးမှု များထဲမှ သမိုင်းတွင်မည့်လုပ်ရပ်တခု ဖြစ်လာပါလိမ့်မည်။ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသူတို့က နိုင်ငံတည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ပေါင်းစပ်ပေးနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် တနည်းနည်းဖြင့် အကျိုးရှိမည်သာ ဖြစ်သည်။

လွင်အောင်စိုး
၂၆-၈-၂၀၁၁